စာမေးပွဲကိုကြိုတင်စာရင်းသွင်းခြင်း၊ကြိုတင်စာရင်းသွင်းမှုကိုပြောင်းလဲခြင်း၊ပယ်ဖျက်ရန်အတွက်-

အကောင့်ပြုလုပ်ခြင်း | ဝင်ပါ

・အသုံးပြုသူအမည်ကိုမေ့နေသူ
・ပတ်စဝှက်ကိုမေ့နေသူ



JBMA｜နိုင်ငံလုံးဆိုင်ရာအဆောက်အဦပြုပြင်ထိန်းသိမ်းရေးအသင်း　(JBMA)　စာမေးပွဲ

## အဆောက်အဦသန့်ရှင်းရေးနယ်ပယ်အထူးနည်းပညာကျွမ်းကျင်နံပါတ်1အကဲဖြတ်စာမေးပွဲနှင့်ပတ်သက်၍

နေထိုင်ခွင့် "အထူးနည်းပညာကျွမ်းကျင် နံပါတ် 1 (အဆောက်အဦသန့်ရှင်းရေး)" ဖြင့်ဂျပန်နိုင်ငံတွင် အလုပ်လုပ်ကိုင်လိုသူများအတွက် အရည်အချင်းစစ်စာမေးပွဲတစ်ခုဖြစ်သည်။
အဆောက်အဦသန့်ရှင်းရေးနှင့်ပတ်သက်သည့် ကျွမ်းကျင်မှုနှင့် အသိပညာများကို စစ်ဆေးပါမည်။

## စာမေးပွဲဖြေဆိုရန်အရည်အချင်း

- စာမေးပွဲရက်တွင် အသက် 17 နှစ်နှင့်အထက် ဖြစ်ရမည်။ သို့သော် အင်ဒိုနီးရှားနိုင်ငံသားများသည် စာမေးပွဲရက်တွင် အသက် 18 နှစ်နှင့်အထက် ဖြစ်ရမည်။
- ဂျပန်နိုင်ငံတွင်း စာမေးပွဲဖြေဆိုသူများသည် တရားဝင်နေထိုင်ခွင့်ရှိရမည်။

## စာမေးပွဲအကြောင်းအရာနှင့်စာမေးပွဲကြာချိန်

စာမေးပွဲတွင် ရေးဖြေစာမေးပွဲနှင့် လက်တွေ့စာမေးပွဲတို့ ပါဝင်သည်။ အားလုံး ဂျပန်ဘာသာဖြင့် ဖြေဆိုရပါမည်။
ရေးဖြေစာမေးပွဲ- မေးခွန်းအရေအတွက်20ခု (အမှတ်ပြည့်ရဲ့60%နှင့်အထက်ဖြစ်ပါကအောင်မြင်)၊ စာမေးပွဲကြာချိန်မိနစ်20
လက်တွေ့စာမေးပွဲ-မေးခွန်းအရေအတွက်30ခု(အမှတ်ပြည့်ရဲ့60%နှင့်အထက်ဖြစ်ပါကအောင်မြင်)၊စာမေးပွဲကြာချိန်မိနစ်30
တစ်ဖန် စာမေးပွဲဖြေဆိုချိန် စုစုပေါင်းမိနစ်50အပြင်၊ လျှို့ဝှက်ချက်ထိန်းသိမ်းခြင်းသဘောတူညီချက်ကို သဘောတူခြင်း၊ ကျူတိုရီရယ်နှင့် စစ်တမ်းတစ်ခုပြုလုပ်ခြင်းတို့အတွက် နောက်ထပ်10 မိနစ်အချိန်ကြာမြင့်ဖြစ်ပါသည်။

## စာမေးပွဲကြေး

ဂျပန်တွင်း စာမေးပွဲဖြေဆိုပါက- ယန်း 4,400(သုံးစွဲခွန်10%ပါဝင်ပြီး)
ဂျပန်နိုင်ငံပြင်ပတွင် စာမေးပွဲဖြေဆိုပါက- 30 USD

## အွန်လိုင်း မှတ်ပုံတင်ခြင်း၊ ကြိုတင်စာရင်းသွင်းခြင်းနှင့် စာမေးပွဲ ဖြေဆိုပုံ

### အဆင့်1- အသုံးပြုသူအသစ်မှတ်ပုံတင်ခြင်း (အကောင့်မှတ်ပုံတင်ခြင်း)

အဆောက်အဦသန့်ရှင်းရေးနယ်ပယ်အထူးနည်းပညာကျွမ်းကျင်နံပါတ်1 အကဲဖြတ်စာမေးပွဲကို PearsonVUE ဖြင့် ဖြေဆိုရန်အတွက် အသုံးပြုသူအကောင့်ကိုမှတ်ပုံတင်ရန်လိုအပ်သည်။"အကောင့်ပြုလုပ်ခြင်း"ကိုနှိပ်ပြီးစခရင်ပေါ် ရှိညွှန်ကြားချက်များ အတိုင်းလိုက်၍ အသုံးပြုသူမှတ်ပုံတင်ခြင်းကို ပြုလုပ်ပါ။ အကောင့်ရှိပြီးသားဖြစ်ပါက အဆင့်2သို့ သွားပါ။
*မှတ်ပုံတင်ထားသောအမည်နှင့်စာမေးပွဲဖြေဆိုသည့်နေ့တွင်စာမေးပွဲစင်တာတွင်တင်ပြသောထောက်အထားစာရွက်စာတမ်းပါအမည်နှ

င့်ကွဲလွဲပါက စာမေးပွဲဖြေဆိုခွင့်မပြုကြောင်း သတိပြုပါ။

**သတိပြုရန်**

2026ခုနစ်မတ်လ31ရက်အထိလျှောက်တင်နိုင်ပါသည်။2026ခုနစ်ဧပြီလ 1 ရက်နေ့ နောက်ပိုင်းတွင်စစ်စတမ်စနစ်အရ ကြိုတင်ဘွတ်ကင်ရနိုင်သော်လည်း ဘွတ်ကင်မလုပ်ကြပါရန်တောင်းဆိုအပ်ပါသည်။

**အဆင့်2- စာမေးပွဲကိုကြိုတင်စာရင်းသွင်းခြင်း**

အဆင့်1တွင်မှတ်ပုံတင်ထားသောအသုံးပြုသူအမည်နှင့်ပတ်စဝ့က်ကိုရိုက်ထည့်ကာစာမေးပွဲအတွက် ကြိုတင်စာရင်းသွင်းပါ။
*ဘောက်ချာလက်ဝယ်ရှိသူသည်ငွေပေးချေမှုအချက်အလက်နှင့်ကျသင့်ငွေတောင်းခံလွှာဆိုင်ရာအချက်အလက်များကို ရေးထည့်ရန်စခရင်တွင်"ဘောက်ချာသို့မဟုတ်ပရိုမိုရှင်းကုတ်ကိုထည့်ရန်"ကိုနှိပ်ပြီး လက်ဝယ်ရှိသောဘောက်ချာနံပါတ်ကိုထည့်ကာ "အတည်ပြု" ကိုနှိပ်ပြီးနောက် ကြိုတင်စာရင်းသွင်းမှုကို အဆုံးသတ်ပါ။
* ကြိုတင်စာရင်းသွင်းမှုပြီးဆုံးပါက ကြိုတင်စာရင်းသွင်းအတည်ပြုချက် အီးမေးလ်ကိုလက်ခံရရှိမည်ဖြစ်ပါသည်။

**ကြိုတင်စာရင်းသွင်းမှုသတ်မှတ်ချိန်၊ ကြိုတင်စာရင်းသွင်းမှုကိုပြောင်းလဲခြင်း/ပယ်ဖျက်ခြင်းသတ်မှတ်အချိန်**

- **ကြိုတင်စာရင်းသွင်းမှုသတ်မှတ်ချိန်** - စာမေးပွဲဖြေဆိုလိုသောရက်မတိုင်မီနေ့၏ 11:59 နာရီအထိ
- **အပြောင်းအလဲ/ပယ်ဖျက်ခြင်းသတ်မှတ်ချိန်**- လက်ရှိကြိုတင်စာရင်းသွင်းသည့်ရက်မတိုင်မီ 24 နာရီအထိ

**မှတ်ချက်-** သတ်မှတ်ရက်များအားလုံးသည် အွန်လိုင်းကြိုတင်စာရင်းသွင်းဆိုက်ပေါ်၏ နောက်ဆုံးရက်ဖြစ်သည်။
ဖောက်သည်ဝန်ဆောင်မှုဖြင့်ကြိုတင်စာရင်းသွင်းခြင်း၊ကြိုတင်စာရင်းသွင်းမှုကိုပြောင်းလဲခြင်း/ပယ်ဖျက်သည့်အခါ၊ သက်ဆိုင်ရာ သတ်မှတ်ရက်အတွင်းနှင့် ဖောက်သည်ဝန်ဆောင်မှုဖွင့်ချိန်အတွင်း လုပ်ငန်းစဉ်ကို ပြီးမြောက်ရန်လိုအပ်သည်။
သတ်မှတ်ရက်ကိုကျော်လွန်ပြီးနောက် ကြိုတင်စာရင်းသွင်းမှုကိုပြောင်းလဲခြင်း/ပယ်ဖျက်ခြင်းမပြုနိုင်ပါ။

**ငွေပေးချေစနစ်**

စာမေးပွဲကြေးများကို ခရက်ဒစ်ကတ် သို့မဟုတ် ဘောက်ချာဖြင့်သာ ပေးချေနိုင်ပါသည်။

- ခရက်ဒစ်ကတ်
  VISA, Master, JCB, AMEX ကိုအသုံးပြုနိုင်သည်။
- ကြိုတင်ငွေဖြည့်ဘောက်ချာ
  စာမေးပွဲကြေးကိုကုမ္ပဏီသို့မဟုတ်ကျောင်းကပေးဆောင်မည်ဖြစ်ပါကကြိုတင်ငွေဖြည့်ဘောက်ချာကို
  အသုံးပြုနိုင်ပါသည်။သို့သော်အနည်းဆုံးဝယ်ယူမှုပမာဏမှာစာမေးပွဲ10ခု(လူ10ဦးစာ)မှဖြစ်ပါသည်။
  ကြိုတင်ငွေပေးချေမှုဘောက်ချာဝယ်ယူနည်းအသေးစိတ်ကိုအောက်ပါလင့်ခ်တွင်ကြည့်ရှုနိုင်ပါသည်။
  ကြိုတင်ငွေဖြည့်ဘောက်ချာများကိုဝယ်ယူပြီးနောက်စာမေးပွဲဖြေဆိုသူတစ်ဦးစီကိုဘောက်ချာနံပါတ်များကို ပေးဝေပါ။
  (ဂျပန်တွင်းစာမေးပွဲဖြေဆိုပါက) ဘောက်ချာစတိုး *အနည်းဆုံးဝယ်ယူမှုပမာဏ- စာမေးပွဲ 10 ခုစာ ~
  (ဂျပန်နိုင်ငံပြင်ပတွင်စာမေးပွဲဖြေဆိုပါက) Purchase Vouchers*အနည်းဆုံး ဝယ်ယူမှုပမာဏ- စာမေးပွဲ 1 ခုစာ

**အဆင့်3- စာမေးပွဲအတွက်ပြင်ဆင်မှု**

စာမေးပွဲဖြေဆိုမည့်နေ့အတွက် ကြိုတင်ပြင်ဆင်မှုများနှင့် လုပ်ထုံးလုပ်နည်းများကို အောက်ပါစာမျက်နှာကို ကြည့်ရှုပါ။

- စာမေးပွဲမဖြေဆိုမီ စစ်ဆေးရမည့်အချက်
  စာမေးပွဲမဖြေဆိုမီ စစ်ဆေးရမည့်အချက်(ဂျပန်)

Helpful resources for test-takers（English）

- စာမေးပွဲဖြေဆိုသည့်နေ့တွင်စာမေးပွဲစင်တာရှိအထွေထွေလုပ်ငန်းစဉ်(ဗီဒီယို)

  စာမေးပွဲလုပ်ထုံးလုပ်နည်းများ (ဂျပန်)

  What to expect when testing with Pearson VUE（English）

- CBTဗားရှင်းဒီမိုစာမေးပွဲ

  ဒီမိုစာမေးပွဲ(ဂျပန်)

**အဆင့်4- စာမေးပွဲ**

**လာရောက်ဖြေဆိုချိန်**

စာမေးပွဲဖြေဆိုသည့်နေ့တွင်မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်အတွက်စာမေးပွဲမစတင်မီအနည်းဆုံး15မိနစ်အလိုတွင်စာမေးပွဲစင်တာသို့ရောက်အောင်လာပါ။နောက်ကျပါကစာမေးပွဲဖြေဆိုခွင့်မပြုဘဲစာမေးပွဲကြေးကို ပြန်အမ်းမည်မဟုတ်ပါ။

**ယူဆောင်လာရန်ပစ္စည်းများ**

ဧည့်ကြိုကောင်တာတွင်**တရားဝင်ကာယကံရှင်အထောက်အထားစာရွက်စာတမ်း1ခုကိုပြသရန်လိုအပ်**ပါသည်။ အသေးစိတ်ကိုအောက်ပါစာမျက်နှာတွင်ကြည့်ရှုပါ။"ကြိုတင်စာရင်းသွင်းထားသည့်အမည်"နှင့် "ကာယကံရှင်အထောက်အထားစာရွက်စာတမ်းပေါ် ရှိအမည်"ကွဲပြားပါကစာမေးပွဲဖြေဆိုခွင့်ရှိမည်မဟုတ်ပါ။ အမည်မတူညီမှုကြောင့် စာမေးပွဲဖြေဆိုခွင့်မပြုပါက စာမေးပွဲကြေးကို ပြန်အမ်းမည်မဟုတ်ပါ။

| | |
|---|---|
| (ဂျပန်တွင်းစာမေးပွဲဖြေဆိုပါက)အထောက်အထားစာရွက်စာတမ်းနှင့်ပတ်သက်၍ | *ဂျပန်တွင်းစာမေးပွဲဖြေဆိုပါက ပတ်စပို့ကိုယူဆောင်လာပါ။ |
| (ဂျပန်နိုင်ငံပြင်ပတွင်စာမေးပွဲဖြေဆိုပါက)Global ID Policy | *ပတ်စပို့ကိုကိုင်ဆောင်ထားပါက ပတ်စပို့ကိုယူဆောင်လာပါ။ |

စာမေးပွဲခန်းတွင် ကိုယ်ပိုင်ပစ္စည်းများကို ယူဆောင်ခွင့်မပြုပါ။ စာမေးပွဲအတွက်မလိုအပ်သော မည်သည့်အရာကိုမဆို မယူဆောင်လာရန် အကြံပြုအပ်ပါသည်။

ဧည့်ကြိုကောင်တာတွင် အဖြူရောင်ဝိုက်ဘုတ်စာအုပ်နှင့် မာကာ(ရေဆေးမာကာ အခြောက်) ကို ထားရှိပေးထားမှာဖြစ်သောကြောင့် စာမေးပွဲကာလတွင်း မှတ်စုများကို မှတ်သားနိုင်မည်ဖြစ်သည်။ စာမေးပွဲအပြီးတွင် အဖြူရောင်ဝိုက်ဘုတ်နှင့်မာကာကို ပြန်လည်သိမ်းယူမည်ဖြစ်သည်။




**လျှို့ဝှက်ချက်ထိန်းသိမ်းခြင်းသဘောတူညီချက် (**NDA**) ကို သဘောတူခြင်း**

စာမေးပွဲစင်တာတွင်စာမေးပွဲမစတင်မီလျှို့ဝှက်ချက်ထိန်းသိမ်းခြင်းသဘောတူညီချက်(NDA)ကိုသဘောတူရန်လိုအပ်ပါသည်။ NDAသည်အဓိကအားဖြင့်ပြင်ပအဖွဲ့အစည်းများထံမေးခွန်းများသို့မဟုတ်အဖြေများကိုမထုတ်ဖော်ပြရန်သဘောတူညီချက်တစ်ခုဖြစ်သည်။သဘောမတူပါကစာမေးပွဲကိုစတင်နိုင်မည်မဟုတ်ပါ။ထို့အပြင် သဘောမတူပါဘဲ စာမေးပွဲကိုမဖြေဆိုပါက စာမေးပွဲကြေးကို ပြန်လည်အမ်းမည်မဟုတ်ပါ။ စာမေးပွဲဖြေဆိုပြီးနောက်တွင် သဘောတူညီချက်ပါ စည်းကမ်းချက်များကို ချိုးဖောက်သည့်တားမြစ်ထားသောအပြုအမူတစ်ခုခုကိုစစ်ဆေးတွေ့ရှိပါက၊အသိအမှတ်ပြုလက်မှတ်အဖွဲ့အစည်းမှ အသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းနိုင်ပြီး နောင်တွင် စာမေးပွဲဖြေဆိုခြင်းမပြုရန် တားမြစ်နိုင်သည်။

**အဆင့်5- စာမေးပွဲရလဒ်**

စာမေးပွဲရလဒ်သည် အောက်ပါနည်းလမ်း2ခုဖြင့် အသိပေးပါမည်။

- ရမှတ်အစီရင်ခံစာ
  စာမေးပွဲဖြေဆိုပြီးပြီးချင်းစာမေးပွဲစင်တာတွင်ရမှတ်အစီရင်ခံစာ(အောင်မြင်/ကျရှုံး)ကိုရိုက်နှိပ်ထားသည်ကို ပေးအပ်မည်ဖြစ်ပါသည်။
  နောက်ရက်တွင် Pearson VUE အသုံးပြုသူ စာမျက်နှာတွင် အလားတူ ရမှတ်အစီရင်ခံစာကို ကြည့်ရှုနိုင်သည်။
  **သတိပြုရန် -** ရမှတ်အစီရင်ခံစာသည် အောင်လက်မှတ်စာရွက်မဟုတ်ပါ။
- အောင်လက်မှတ်
  အောင်မြင်သူနှင့်လက်ခံအဖွဲ့အစည်းအကြား အလုပ်အကိုင်ဆိုင်ရာ စာချုပ်တစ်ရပ်ကို ချုပ်ဆိုရန် ဆုံးဖြတ်ပြီးနောက်၊ ယန်း11,000(သုံးစွဲခွန်10%ပါဝင်ပြီး)ငွေပေးချေမှုလုပ်ငန်းစဉ်အပြီးတွင်နိုင်ငံလုံးဆိုင်ရာအဆောက်အဦပြုပြင်ထိန်းသိမ်းရေးအသင်းမှ လက်ခံအဖွဲ့အစည်းထံ အောင်လက်မှတ်ကို ထုတ်ပေးမည်ဖြစ်သည်။

### သတိပေးချက်

မသမာသောလုပ်ရပ် သို့မဟုတ် နည်းလမ်းဖြင့် စာမေးပွဲဖြေဆိုရန် ကြိုးပမ်းသူ သို့မဟုတ် ဖြေဆိုသူ မည်သူမဆို စာမေးပွဲဖြေဆိုခွင့် 5နှစ်အထိ ပိတ်ပင်ခံရမည်ဖြစ်သည်။
မသမာသောလုပ်ရပ် သို့မဟုတ် နည်းလမ်းဖြင့် စာမေးပွဲကိုဖြေဆိုကာ အောင်မြင်သွားပါက စာမေးပွဲအောင်ခြင်းကို ရုတ်သိမ်းခြင်းနှင့်အတူ အောင်လက်မှတ်ကို ပြန်လည်ပေးအပ်ရန် တောင်းဆိုပါမည်။ ထို့အပြင် စာမေးပွဲကြေးနှင့် အောင်လက်မှတ်စာရွက်ထုတ်ပေးသည့် အခကြေးငွေများကို ပြန်အမ်းမည်မဟုတ်ပါ။

### ကိုယ်ရေးအချက်အလက်

စာမေးပွဲအတွက် လျှောက်ထားသည့်အခါနှင့် စာမေးပွဲစင်တာတွင် လက်ခံရရှိသော ကိုယ်ရေးကိုယ်တာ အချက်အလက်များကို နိုင်ငံလုံးဆိုင်ရာ အဆောက်အဦပြုပြင်ထိန်းသိမ်းရေးအဖွဲ့အစည်း ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များ အကာအကွယ်ပေးရေးစည်းမျဉ်းများနှင့် အညီစာမေးပွဲကျင်းပခြင်း၊ အောင်လက်မှတ်ထုတ်ပေးခြင်းနှင့် အထူးနည်းပညာကျွမ်းကျင်စနစ်ကို သုံးသပ်စဉ်းစားရန် အသုံးပြုမည်ဖြစ်သည်။ ထို့အပြင် ကိုယ်ရေးအချက်အလက်များကို ဂျပန်သို့မဟုတ် စာမေးပွဲဖြေဆိုသူ၏ မွေးရပ်မြေအစိုးရအေဂျင်စီများထံ ကိုယ်ရေးအချက်အလက်များကို ပေးအပ်သောအခါလဲရှိသည်။

### - ဆက်စပ်လင့်ခ်များ

အများသူငှာ အကျိုးစီးပွားပေါင်းစပ်ဖွဲ့စည်းထားသော နိုင်ငံလုံးဆိုင်ရာအဆောက်အဦပြုပြင်ထိန်းသိမ်းရေးအဖွဲ့အစည်း
စာမေးပွဲအတွက် ကြိုတင်စာရင်းပေးခြင်းနှင့်ပတ်သက်သော အထွေထွေမေးခွန်းများ
စာမေးပွဲဖြေဆိုသောနေ့၏စာမေးပွဲစင်တာအတွင်းလုပ်ငန်းစဉ်

## - စုံစမ်းမေးမြန်းခြင်း

စုံစမ်းမေးမြန်းသောအကြောင်းအရာနှင့်လိုက်၍ စုံစမ်းမေးမြန်းနေရာသည်ကွဲပြားသည့်အတွက်သတိပြုပါ။

| **စုံစမ်းမေးမြန်းသောအကြောင်းအရာ** | **စုံစမ်းမေးမြန်းနေရာ** |
| --- | --- |
| ● အကောင့်မှတ်ပုံတင်ခြင်း၊ကြိုတင်စာရင်းသွင်းမှုနည်းလမ်း၊ ကြိုတင်စာရင်းသွင်းပြီးဆုံးကြောင်းအသိပေးမေးလ်နှင့်ပတ်သက်၍<br>● အထောက်အထားစာရွက်စာတမ်းနှင့်ပတ်သက်၍<br>● အကောင့်မှတ်ပုံတင်ပြီးနောက်အမည်ပြောင်းလဲခြင်းနှင့်ပတ်သက်၍<br>● စာမေးပွဲနေရာ(စာမေးပွဲစင်တာ)၏နေရာလွတ်အခြေအနေနှင့်ပတ်သက်၍ | **PearsonVUEဖောက်သည်ဝန်ဆောင်မှု**<br>https://www.pearsonvue.com/us/en/test-takers/customer-service/email.html |
| ● စာမေးပွဲအကြောင်းအရာနှင့်ပတ်သက်၍<br>● စာမေးပွဲဖြေဆိုရန်အရည်အချင်းနှင့်လိုအပ်ချက်နှင့်ပတ်သက်၍<br>● စာမေးပွဲရလဒ်နှင့်ပတ်သက်၍<br>● စာမေးပွဲအောင်လက်မှတ်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ | **အများသူငှာအကျိုးစီးပွားပေါင်းစပ်ဖွဲ့စည်းထားသောနိုင်ငံလုံးဆိုင်ရာအဆောက်အဦပြုပြင်ထိန်းသိမ်းရေးအဖွဲ့အစည်း**<br>**အီးမေးလ်-**tokuteigino@j-bma.or.jp |